ASSISTANCE
ASSOCIATION
FOR POLITICAL
PRISONERS
(AAPP)

Assistance Association for Political Prisoners (AAPP)
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

No.(75), 33 Extension Ward, Oakthaphayar Street, Dagon Myothit (North), Yangon, Myanmar
E-mail: info@aappb.org Website: www.aappb.org

# လစဉ်သတင်းလွှာ

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ



စက်တင်ဘာ


| | |
|---|---|
| သင်တန်းပို့ချခြင်း | ၁ |
| စည်းရုံးလှုံ့ဆော်ခြင်း နှင့် တိုက်တွန်းခြင်း | ၃ |
| ထောက်ပံ့ကူညီခြင်း | ၄ |
| မှတ်တမ်းနှင့် သုတေသန | ၅ |
| အထွေထွေလှုပ်ရှားမှု များ | ၆ |
| စိတ်ဓါတ်ပြန်မြှင့် တင်ရေးအစီအစဉ် | ၈ |
| မီဒီယာ | ၁၀ |


### သင်တန်းပို့ချခြင်း

## အခြေခံလူ့အခွင့်အရေးသင်တန်းကို အွန်လိုင်းမှတဆင့် ပို့ချခြင်း



အခြေခံလူ့အခွင့်အရေးသင်တန်းကို အွန်လိုင်းမှတဆင့် ပို့ချ

စက်တင်ဘာလအတွင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)မှ အခြေခံလူ့အခွင့်အရေးသင်တန်းနှစ်ခုကို အွန်လိုင်းမှတစ်ဆင့် ပို့ချပေးနိုင်ခဲ့သည်။ အွန်လိုင်း သင်တန်းအမှတ်စဉ် (၇) နှင့် (၈) ကို စက်တင် ဘာလ ၇ ရက်နေ့မှ စက်တင်ဘာလ ၁၄ ရက်နေ့ အထိ ပြုလုပ်ခဲ့သည်။

သင်တန်းအမှတ်စဉ် (၇) ၌ သင်တန်းသူ (၉) ဦးနှင့် သင်တန်းသား (၃) ဦး၊ စုစုပေါင်း (၁၂) ဦး တက်ရောက် ခဲ့ကြပြီး ၎င်းတို့သည် Eastern Naga Development Organization (ENDO)၊ Chin Social Organization Ann၊ ကချင်အမျိုး သမီးအစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) တို့မှ အဖွဲ့ဝင်များ၊ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ကျောင်းဆရာ/ဆရာမများ၊ နမ့်တောင်းလူငယ်နှင့် စိတ်ပါဝင်စားသူများဖြစ်ကြသည်။ ထို့အပြင် သင်တန်း တက်ရောက်သူများသည် ဗမာ၊ ရှမ်း-ကချင်၊ နာဂ၊ ချင်းနှင့် ကချင်တိုင်းရင်းသားများ ဖြစ်ကြပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသ ကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ဖြစ်ကြ သည်။

သင်တန်းအမှတ်စဉ် (၈) ၌ သင် တန်းသူ (၉) ဦးနှင့် သင်တန်းသား (၂) ဦး၊ စုစုပေါင်း (၁၁) ဦး တက်ရောက်ခဲ့ကြပြီး ၎င်းတို့သည် ညီညွတ်သောဒီမိုကရေစီသစ်ပါတီ၊ Communit Peace Support၊ ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ (KWAT)၊ တအာင်းကျောင်းသားနှင့် လူငယ်သမဂ္ဂ(TSYU)၊ Chin University Students in Rakhine State (CUSR)၊ မွန်မြတ်မေတ္တာ၊ Shini Life နှင့် "Wa" Youth Organization တို့မှ အဖွဲ့ဝင်များ၊ ကျောင်းသူများနှင့် ပညာရေး ဝန်ထမ်းများဖြစ်ကြသည်။ ၎င်းပြင် သင်တန်း တက်ရောက်သူများသည် ရှမ်း၊ ကချင်၊ ရှမ်း-ဗမာ၊ ဗမာ-ကချင်၊ ဗမာ၊ တအာဝ်း၊ ချင်း-ဗမာ၊ ရှမ်းနီ၊ ရခိုင်-ဗမာနှင့် ဝလမျိုးများဖြစ်ကြပြီး ရှမ်းပြည် နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ထိုင်း နိုင်ငံတို့မှ ဖြစ်ကြသည်။

အဆိုပါသင်တန်းများကို AAPPမှ သင်တန်းနည်းပြ ကိုဝဏ္ဏနွယ်မှ ဦးဆောင် ပို့ချပေးခဲ့သည်။ သင်တန်းတွင် အဓိကဆွေးနွေးပေးသော အကြောင်းအရာများမှာ လူ့အခွင့်အရေးအဓိပ္ပါယ် ဖွင့်ဆိုချက်၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု၊ လူ့အခွင့်အရေးသမိုင်းကြောင်းနှင့် အခြေခံအယူအဆ၊ ဂျီနီဗာကွန်ဗင်းရှင်းပါအချက်များ၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာစာချုပ်စာတမ်းများ ပေါ်ပေါက်လာပုံအဆင့်ဆင့်နှင့် နိုင်ငံတကာ စာချုပ်စာတမ်းများ၊ ခွဲခြားဆက်ဆံမှုနှင့် တိုင်တန်းမှုယန္တရားတို့ ဖြစ်ကြသည်။ ■

သင်တန်းပို့ချခြင်း

# အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်းကို အွန်လိုင်းမှတဆင့် ပို့ချခြင်း




အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်းကို အွန်လိုင်းမှတဆင့်ပို့ချ

“သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်သည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပါဝင်ကြသူများကို အားပေးမြှင့်တင်ရန်နှင့် အသိပညာများရရှိရန် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြစ်သည်။”

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်းကို အွန်လိုင်းမှတစ်ဆင့် စက်တင်ဘာလ ၁၇ ရက်နေ့မှ စက်တင်ဘာလ ၂၄ ရက်နေ့အထိ (၈) ရက်တာ ပို့ချပေးနိုင်ခဲ့သည်။ အဆိုပါသင်တန်းကို AAPP မှ သင်တန်းနည်းပြ ကိုကျော်ဦးမှ ပို့ချပေးခဲ့ပြီး သင်တန်းသူ (၁၀) ဦးနှင့် သင်တန်းသား (၂) ဦး၊ စုစုပေါင်း (၁၂) ဦး တက်ရောက်ခဲ့သည်။ သင်တန်းတက်ရောက်သူများသည် တအာင်း ကျောင်းသားနှင့် လူငယ်သမဂ္ဂ (TSYU)၊ Community Peace Support၊ ကချင်အမျိုးသမီး အစည်းအရုံး–ထိုင်းနိုင်ငံ (KWAT)၊ Shining Life “ Wa Youth Organization၊ Chin Social Organization Ann တို့မှ အဖွဲ့ဝင်များ၊ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ကျောင်းဆရာ/ဆရာမများ၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ ဖြစ်ကြပြီး ၎င်းတို့သည် တအာင်း၊ ဗမာ၊ ရှမ်း၊ ကချင်၊ ရခိုင်၊ ဝ နှင့် ချင်းတိုင်းရင်းသားများ ဖြစ်ကြသည်။

သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်သည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပါဝင်ကြသူများကို အားပေးမြှင့်တင်ရန်နှင့် အသိပညာများရရှိလာရန် ရည်ရွယ်၍ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြစ်သည်။ ■

စည်းရုံးလှုံ့ဆော်ခြင်းနှင့် တိုက်တွန်းခြင်း

# ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းခဲ့သည့် UPR အစီရင်ခံစာများနှင့်ပတ်သက်၍ နိုင်ငံတကာ သံတမန်များနှင့် တွေ့ဆုံတင်ပြချက်၌ ပါဝင်ဆွေးနွေးခြင်း




Burma/Myanmar UPR Forum ၌ AAPP တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်မှ ပါဝင်ဆွေးနွေး

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ ကမ္ဘာပေါ်ရှိနိုင်ငံတစ်နိုင်ငံချင်းဆီ၏ လူ့အခွင့်အရေးအခြေအနေကို ၅ နှစ်တစ်ကြိမ် သုံးသပ်လေ့ရှိပါသည်။ ထိုနည်းတူ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကိုလည်း လာမည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် သုံးသပ်မည်ဟုလျာထားပါသည်။ ထိုသုံးသပ်မှု မတိုင်ခင် မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်းကောင်း၊ အစိုးရမဟုတ်သော အဖွဲ့များအနေဖြင့်လည်းကောင်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေတိုးတက်မှု ရှိ/မရှိကို အစီရင်ခံစာများ တင်သွင်းရပါသည်။ မြန်မာနိုင်ငံတွင် Burma/Myanmar UPR Forum ရှိပြီး နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) အနေဖြင့် UPR စတင်သည့် ၂၀၁၀ ခုနှစ် ကတည်းက ထိုအဖွဲ့တွင်ပါဝင်ခဲ့ပါသည်။ AAPP အနေဖြင့် တစ်ဖွဲ့ချင်း အနေဖြင့်သော်လည်းကောင်း၊ အခြားသောအဖွဲ့များဖြင့် စုပေါင်း၍သော်လည်းကောင်း အစီရင်ခံစာများ တင်ခဲ့ပါသည်။ မိမိတို့တင်ပြချက်များကို နိုင်ငံတကာမှ သံတမန်များ၊ အစိုးရများမှ ထည့်သွင်းဆွေးနွေးပေးနိုင်စေရန် နိုင်ငံတွင်းရှိ သံတမန်များကို ဖိတ်ကြားပြီး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများအား ဆွေးနွေးရပါသည်။ ကိုဗစ်ကာလ လူချင်းထိတွေ့မှုမရှိနိုင်သဖြင့် Zoom ဖြင့် စက်တင်ဘာလ ၂၉ ရက်နေ့တွင်ပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အမေရိကန်၊ ကနေဒါ၊ အီးယူ အပါအဝင် စုစုပေါင်း ၆၂ ဦးပါဝင် ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲကို ခေါင်းစဉ် ၁၁ ခုခွဲ၍ ဆွေးနွေးခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏ တွဲဘက် အတွင်းရေးမှူးဦးဘိုကြည်မှ မတရားသဖြင့် ဖမ်းဆီး ထိမ်းသိမ်းခံရခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းများဖြစ်ပေါ်နေခြင်းနှင့် နိုင်ငံရေးအကျဉ်းသားကိစ္စများကို ဆွေးနွေးခဲ့ပြီး ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် မြန်မာအစိုးရအား နိုင်ငံတကာအစိုးရများမှ ထောက်ခံချက်ပေးသင့်သော အချက်များကို ဆွေးနွေးခဲ့ပါသည်။ ■

ထောက်ပံ့ကူညီခြင်း

## နိုင်ငံရေးအကျဉ်းသားများနှင့် နိုင်ကျဉ်းဟောင်းများကို ထောက်ပံ့ကူညီခြင်း

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)မှ အကျဉ်းထောင်အတွင်း အကျဉ်းကျလျက်ရှိသည့် နိုင်ငံရေးအကျဉ်းသားများနှင့် ကျန်းမာရေးမကောင်းမွန်သည့် နိုင်ငံရေးအကျဉ်းသားဟောင်းများကို ဆက်လက် ထောက်ပံ့ ကူညီပေးလျက်ရှိသည်။

စက်တင်ဘာလအတွင်းတွင် အင်းစိန်အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား (၇) ဦး၊ မအူပင်အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား (၈) ဦးနှင့် ညောင်ရွှေအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား (၁) ဦးတို့ကို ထောက်ပံ့ကူညီခဲ့သည်။ ထို့ပြင် စိတ်ပိုင်းဆိုင်ရာနှင့် လေဖြတ်ရောဂါခံစားနေကြရသော နိုင်ငံရေး အကျဉ်းသားဟောင်း (၂)ဦးကို ထောက်ပံ့ကူညီခဲ့သည်။

၄င်းပြင် ထောင်ပြင်ပမှ တရားရင်ဆိုင်နေကြရသော ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ပလောင်ကျေးရွာမှ တောင်သူ ၂၄ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်မှ အလုပ်သမား (၅) ဦးတို့ကို ထောက်ပံ့ကူညီခဲ့သည်။

ထို့ပြင် ၂၀၁၅ ခုနှစ်မှစတင်၍ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ အကျဉ်းထောင်တွင်းနှင့် စစ်ကြောရေးစခန်းများ၌ ညှဉ်းပန်းနှိပ်စက်မှုကို ရင်ဆိုင်ခံစားခဲ့ရ၍ ကျန်းမာရေးကောင်းမွန်ခြင်း မရှိသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများကို အရေးပေါ် ကူညီထောက်ပံ့ပေးခဲ့သည်။ စက်တင်ဘာလအတွင်းတွင် နိုင်ငံရေးအကျဉ်းသားဟောင်း (၄) ဦးကို ထောက်ပံ့ကူညီခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ကာလအတွင်း အခက်အခဲများကို ရင်ဆိုင်နေကြရသည့် နိုင်ငံရေးအကျဉ်းသားဟောင်း (၁၀၅) ဦးကို သီးခြားထောက်ပံ့ကူညီပေးခဲ့သည်။

အောက်တွင် ဇယားနှင့်တကွ ဖော်ပြထားပါသည်။ ■

| | |
|---|---|
| အကျဉ်းကျနေသော နိုင်ငံရေးအကျဉ်းသားများ ကို ထောက်ပံ့ကူညီခြင်း | ၁၆ ဦး |
| နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ကျန်းမာရေးအတွက် ထောက်ပံ့ကူညီခြင်း | ၂ ဦး |
| ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံစားခဲ့ရ၍ ကျန်းမာရေး ကောင်းမွန်ခြင်းမရှိသာ နိုင်ငံရေး အကျဉ်းသားဟောင်းများကို အရေးပေါ် ထောက်ပံ့ ကူညီခြင်း | ၄ ဦး |
| ထောင်ပြင်ပမှ တရားရင်ဆိုင်နေကြရသူများကို ထောက်ပံ့ကူညီခြင်း | ၂၉ ဦး |
| ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံရေး အကျဉ်းသားဟောင်းများကို သီးခြား ထောက်ပံ့ ကူညီခြင်း | ၁၀၅ ဦး |
| **စုစုပေါင်း** | **၁၅၆ ဦး** |

မှတ်တမ်းနှင့်သုတေသန

## လစဉ်အစီရင်ခံစာ၊ နိုင်ငံရေးအကျဉ်းသားစာရင်းများနှင့် အေအေပီပီ သတင်းလွှာကို ထုတ်ဝေခြင်း

မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးအခြေအနေများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ လယ်သမားများ၊ အလုပ်သမားများနှင့် အရပ်သားများ လစဉ် ဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည်ကို စောင့်ကြည့်မှတ်တမ်းတင်ရန် ရည်ရွယ်၍ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ လစဉ်အစီရင်ခံစာနှင့် နိုင်ငံရေးအကျဉ်းသားစာရင်းကို ထုတ်ဝေလျက်ရှိသည်။ စက်တင်ဘာလ ၈ ရက်နေ့တွင် ဩဂုတ်လအတွက် လစဉ်အစီရင်ခံစာနှင့် နိုင်ငံရေးအကျဉ်းသားစာရင်းကို ထုတ်ဝေခဲ့သည်။

ထို့ပြင် AAPP အဖွဲ့ဝင်များ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရ ဌာနဆိုင်ရာ အရာရှိများ၊ နိုင်ငံတကာမှ သံအမတ်များ၊ NGOs, CBOs စသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုများ၊ ဟောပြောဆွေးနွေးပွဲများနှင့် နှစ်သိမ့် ဆွေးနွေးပေးခြင်းနှင့် သင်တန်းများ ပို့ချပေးခြင်း စသည့် လှုပ်ရှားဆောင်ရွက်မှုများကို AAPP သတင်းလွှာ၌ လစဉ် ဖော်ပြထားသည်။ စက်တင်ဘာလ ၈ ရက်နေ့တွင် ဩဂုတ်လ အတွက် သတင်းလွှာကို ထုတ်ဝေခဲ့သည်။ ■

-https://aappb.org/wpcontent/uploads/၂၀၂၀/၀၉/Burmese-Chronology---and-MiR-for-August-Edit-၁.pdf
https://aappb.org/wpcontent/uploads/၂၀၂၀/၀၉/newsletter-august_၃.pdf

*အကျဉ်းထောင်တွင်းနှင့် စစ်ကြော ရေးစခန်း များ၌ ညှဉ်းပန်းနှိပ်စက်မှုကို ရင်ဆိုင်ခံစားခဲ့ရ၍ ကျန်းမာရေး ကောင်းမွန်ခြင်းမရှိသည့် နိုင်ငံရေး အကျဉ်းသားဟောင်းများကို အရေးပေါ် ကူညီ ထောက်ပံ့*

## ကိုဗစ် -၁၉ သတင်းလွှာ ပြုစုခြင်း

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ကိုဗစ်ကာလနှင့် ဆက်နွယ်၍ ဖြစ်ပွားခဲ့သော အမှုဖြစ်စဉ်များ ပါဝင်သည့် ကိုဗစ်-၁၉ သတင်းလွှာကို ဧပြီလ ကတည်းက စတင်၍ မှတ်တမ်းတင်ပြုစုလျက်ရှိသည်။ ဩဂုတ်လ ကိုဗစ်သတင်းလွှာနှင့် ကိုဗစ်ကာလအတွင်း သတ်မှတ်ထားသော စည်းကမ်းများကို ချိုးဖောက်၍ ဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ် ချမှတ်ခြင်းခံထားရသော စာရင်းများကို စက်တင်ဘာလ ၇ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။

https://aappb.org/wp-content/uploads/၂၀၂၀/၀၉/Final-COVID-၁၉-News-Letter-in-August-Burmese.pdf
https://aappb.org/wp-content/uploads/၂၀၂၀/၀၉/Final-COVID-၁၉-News-Letter-in-August-English.pdf

## ညှင်းပန်းနှိပ်စက်ခြင်းခံရသူများကို အင်တာဗျူးပြုလုပ်ခြင်းနှင့် မှတ်တမ်းပြုစုခြင်း

၂၀၁၅ ခုနှစ်မှစတင်၍ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(AAPP) မှ အကျဉ်းထောင်တွင်းနှင့် စစ်ကြောရေးစခန်းများ၌ ညှင်းပန်းနှိပ်စက်ခြင်းကို ရင်ဆိုင်ခံစားခဲ့ကြရသော နိုင်ငံရေးအကျဉ်းသား ဟောင်းများ၏ အတွေ့အကြုံများကို အင်တာဗျူးများ ပြုလုပ်၍ မှတ်တမ်း ပြုစုခဲ့ပါသည်။ စက်တင်ဘာလအတွင်းတွင် အနည်းဆုံး ထောင်ဒဏ် (၃) နှစ်မှ အများဆုံးထောင်ဒဏ် (၂၉) နှစ်ကြား အသီးသီးကျခံခဲ့ရပြီး ညှင်းပန်းနှိပ်စက်ခြင်းကို ခံစားခဲ့ကြရသည့် နိုင်ငံရေးအကျဉ်းသားဟောင်း (၁၃) ဦး၏ ထောင်တွင်းနှင့် ထောင်ပြင်ပ ဘဝဖြတ်သန်းမှု အခြေအနေများနှင့် အတွေ့အကြုံများကို အင်တာဗျူး ပြုလုပ်၍ မှတ်တမ်းတင်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ် စက်တင်ဘာလကုန်အထိ ညှင်းပန်း နှိပ်စက်မှုကို ခံစားခဲ့ကြရသော နိုင်ငံရေးအကျဉ်းသား စုစုပေါင်း **၁၉၆** ဦးကို အင်တာဗျူးပြုလုပ်၍ မှတ်တမ်းပြုစုနိုင်ခဲ့ပါသည်။ ■

---

**အထွေထွေလှုပ်ရှားမှုများ**

## မတရားဖမ်းဆီးချုပ်နှောင်၍ သတ်ဖြတ်ခြင်းခံခဲ့ရသည့် ရွာသားသုံးဦးအတွက် အမှန်တရားပေါ်ပေါက်ရန်နှင့် တရားမျှတမှု ရရှိရန်တောင်းဆိုခြင်း

မတရားဖမ်းဆီးချုပ်နှောင်၍ သတ်ဖြတ်ခံခဲ့ရသည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်တို့မှ ရွာသားသုံးဦးအတွက် အမှန်တရားပေါ်ပေါက်ရန်နှင့် တရားမျှတမှုရရှိရန် တအာင်း အမျိုးသမီးအဖွဲ့အစည်း (TWO) မှ ဦးဆောင်၍ စက်တင်ဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်၍ တောင်းဆိုခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(AAPP) အပါအဝင် အရပ်ဘက်အဖွဲ့အစည်း (၃၂) ဖွဲ့မှလည်း အဆိုပါ ထုတ်ပြန်ချက်တွင် ပူးပေါင်းပါဝင်၍ တောင်းဆိုခဲ့သည်။ အောက်ဖော်ပြပါ လင့်ကို ဝင်ရောက်၍လည်း ဖတ်ရှုနိုင်ပါသည်။



## လွတ်လပ်စွာ ထုတ်ဖော်ခွင့်များအား တရားစွဲဆို အရေးယူနေမှုနှင့်ပတ်သက်၍ ထုတ်ပြန်ချက်ထုတ်ပြန်ခြင်း

လွတ်လပ်စွာ ထုတ်ဖော်ခွင့်များအား တရားစွဲဆို အရေးယူနေမှုနှင့်ပတ်သက်၍ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP)မှ ထုတ်ပြန်ချက်တစ်စောင်ကို စက်တင်ဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်တွင် လက်ရှိ ငြိမ်းစုစီ ဥပဒေအရ ပြည်သူများ၏ လွတ်လပ်ခွင့်များ ပိတ်ပင်ခြင်းခံထားရသလို အာဏာပိုင်များမှ ဥပဒေကို လိုသလိုအသုံးချပြီး ပြည်သူများအား ဖိနှိပ်ရေးကိရိယာအဖြစ် နှိပ်ကွပ်အသုံးပြုနေသည့်အတွက် အဆိုပါ ငြိမ်းစုစီ ဥပဒေကို ပြည်သူများအား အကာအကွယ်ပေးသည့် ဥပဒေအဖြစ် အမြန်ဆုံးပြင်ဆင်နိုင်ရန် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ထပ်မံ တိုက်တွန်းကြောင်း ဖော်ပြထားသည်။

အောက်ဖော်ပြပါ လင့်ကို ဝင်ရောက်၍လည်း ဖတ်ရှုနိုင်ပါသည်။

https://aappb.org/wp-content/uploads/၂၀၂၀/၀၉/Foe-statement-၇-Sep-၂၀.pdf

https://aappb.org/၂၀၂၀/၀၉/statement-on-prosecution-of-right-to-freedom-of-expression/?fbclid=IwAR၁၀CR၈VhooHxB၁qVTsVSfZcnj၆gH၃၁hrb၈w၆၇rNkKrXppURoYzYTVylQwA

*မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးအခြေအနေများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ လယ်သမားများ၊ အလုပ်သမားများနှင့် အရပ်သားများ လစဉ် ဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည်ကို စောင့်ကြည့်မှတ်တမ်းတင်ရန်*

## ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကျောင်းသားများအား ဖမ်းဆီးတရားစွဲနေခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ချက်ကို ထုတ်ပြန်ခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကျောင်းသားများအား ဖမ်းဆီး တရားစွဲဆိုနေခြင်းနှင့်ပတ်သက်၍ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ထုတ်ပြန်ချက်တစ်စောင်ကို စက်တင်ဘာလ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်တွင် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် တရားလက်လွတ်ဖမ်းဆီးချုပ်နှောင်မှုများကို ရပ်တန့်စေရန်အတွက် နိုင်ငံတော်အစိုးရမှ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးရန်၊ ယနေ့ကာလ တိုင်းပြည်တွင် ကျရောက်နေသော ကိုဗစ်-၁၉ ကူးစက်ရောဂါ ကပ်ဆိုးကာလကြီးအတွင်း စစ်ပွဲများ ရပ်တန့်ရန်၊ စစ်ပွဲများအတွင်း အရပ်သားများ ထိခိုက်သေဆုံးမှုများအား လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းပြီး အမြန်ဆုံး စုံစမ်းစစ်ဆေး အရေးယူပေးရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေအား လိုသလို အသုံးချနေခြင်းများအား ရပ်တန့်ပြီး တရားဥပဒေစိုးမိုးရေး အကောင်အထည်ဖော် ဆောင်ရွက်ရန် မိမိတို့နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ အလေးအနက် တိုက်တွန်း တောင်းဆိုကြောင်း ဖော်ပြထားသည်။

အောက်ဖော်ပြပါ လင့်ကို ဝင်ရောက်၍လည်း ဖတ်ရှုနိုင်ပါသည်။

https://aappb.org/wpcontent/uploads/၂၀၂၀/၀၉/Statement-for-Arrest-of-Student-in-Rakhine-၃.pdf

https://aappb.org/wpcontent/uploads/၂၀၂၀/၀၉/Statement-on-student-arrested_FoE_၁၄Sept_KT-eng.pdf

**စိတ်ဓာတ်ပြန်လည်မြှင့်တင်ရေး အစီအစဉ် MHAP**

## ကိုဗစ်-၁၉ ဗိုင်းရပ်ကူးစက်မှုကာလအတွင်း အွန်လိုင်း စိတ်ပိုင်းဆိုင်ရာ ဆွေးနွေးမှု အစီအစဉ်

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၏ စိတ်ဓာတ်ပြန်လည်မြှင့်တင်ရေး ကူညီထောက်ပံ့မှုအစီအစဉ် (AAPP-MHAP) သည် အွန်လိုင်းစိတ်ပိုင်းဆိုင်ရာ ဆွေးနွေးမှုလုပ်ငန်းကို စက်တင်ဘာလအတွင်းတွင်လည်း ဆက်လက်လုပ်ဆောင်လျှက်ရှိသည်။

နေရာဒေသအနှံ့အပြားမှ ဆက်သွယ်ဆွေးနွေးမှုများလည်း ပိုမိုများပြားလာခဲ့ပြီး လူမှုကွန်ရက်၊ ဗိုက်ဗာတို့မှတစ်ဆင့် ဆက်သွယ်မှုများလည်း ရှိခဲ့သည်။ ဆက်သွယ်လာသည့် ဒေသများမှာ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ဧရာဝတီ၊ မွန် စသည့်ပြည်တွင်းဒေသများမှ ဆက်သွယ်ဆွေးနွေးမှုများအပြင် ထိုင်းနိုင်ငံမှ ဆက်သွယ်ဆွေးနွေးမှုများလည်းရှိခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးမှ ၃၇%၊ ပဲခူးတိုင်းဒေသကြီးမှ - ၁၆%၊ ထိုင်းနိုင်ငံမှ - ၁၄%၊ မန္တလေးတိုင်းဒေသကြီးမှ - ၈%၊ ဧရာဝတီတိုင်းဒေသကြီးမှ - ၅%၊ မကွေးတိုင်းဒေသကြီးမှ - ၂%၊ နှင့် ကျန်ဒေသများမှ ၁၇%စီ တို့ဖြစ်ကြသည်။

အွန်လိုင်း စိတ်ပိုင်းဆိုင်ရာဆွေးနွေးမှုလုပ်ငန်းသို့ ဆက်သွယ်ဆွေးနွေးသူများတွင် အစိုးရဝန်ထမ်းများ၊ အမျိုးသမီး အိမ်ထောင်ဦးစီးများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ သင်္ဘောသား၊ NGO ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ကွာရန်တင်းစင်တာများတွင် ကွာရန်တင်းဝင်နေကြသူများ၊ စေတနာ့ဝန်ထမ်းများနှင့် HIV ပိုးရှိသူများ စသည့် အမျိုးသား၊ အမျိုးသမီး အသက်အရွယ်စုံ ပါဝင်ပါသည်။ စက်တင်ဘာလအတွင်းတွင် အမျိုးသား ၁၂၄ ဦး (အသက် ၁၈ နှစ်မှ ၇၄ နှစ်အတွင်း)နှင့် အမျိုးသမီး ၁၃၄ ဦး (အသက် ၁၈ နှစ်မှ ၆၉ နှစ်အတွင်း) တို့၏ ကိုဗစ်-၁၉ ကာလ စိတ်ဖိစီးမှုများ၊စိတ်ပိုင်းဆိုင်ရာပြဿနာများကို ကူညီဖြေရှင်းပေး နိုင်ခဲ့ပါသည်။ ၎င်းတို့အနက် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကွာရန်တင်းစင်တာများ၌ ကွာရန်တင်းဝင်နေကြသူ ၆၉ ဦးအား စိတ်ဖိစီးမှုများကို မည်ကဲ့သို့ထိန်းညှိရမည်ဆိုသည်ကို တစ်ဦးချင်း ဆက်သွယ်ဆွေးနွေးပေးနိုင်ခဲ့သည်။

ထိုဆက်သွယ်လာသူများ၏ စိတ်ပိုင်းဆိုင်ရာပြဿနာများ၊ လက္ခဏာများမှာ -

- မိမိကိုယ်တိုင် သို့မဟုတ် မိမိချစ်ခင်ရသောသူများ၏ ကျန်းမာရေးအတွက် အမြဲမပြတ် စိုးရိမ်ပူပန်နေခြင်း၊ ကြောက်ရွံ့ နေခြင်း
- စိတ်ညစ်ခြင်းကို အချိန်များစွာ ခံစားနေရခြင်း
- စိတ်ထဲတွင် ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်းကို ခံစားနေ ရခြင်း
- အစားအသောက်နှင့် အိပ်စက်ခြင်းပုံစံ ပြောင်းလဲသွားခြင်း
- အိပ်ပျော်ရန်နှင့် အာရုံစူးစိုက်ရန် အခက်အခဲရှိခြင်း
- အလွယ်တကူ စိတ်တိုခြင်း သို့မဟုတ် ဒေါသထွက်ခြင်း
- HIV ပိုးရှိသူများက အလွယ်တကူ ရောဂါကူးစက်ခံရမည်ကို စိုးရိမ်ပူပန်ခြင်း
- ကိုဗစ်-၁၉ ၏ရိုက်ခတ်မှုကြောင့် မိမိတို့သုံးစွဲနေရသော ART ဆေးများပြတ်လပ်သွားမည်ကို စိုးရိမ်ခြင်း
- အိမ်ထဲတွင် အချိန်ပေါင်းများစွာနေရသဖြင့် စိတ်တင်းကြပ်ခြင်း၊ မွန်းကြပ်ခြင်း၊ ဝမ်းနည်းမှုနှင့် စိတ်ဓာတ်ကျမှုကို ခံစားရခြင်း
- မိမိ ပုံမှန်စိတ်ဝင်စားသောအရာများကို စိတ်ဝင်စားမှု မရှိတော့ခြင်း စသည့် လက္ခဏာများကို ခံစားနေကြရသည်ကို တွေ့ရပါသည်။

## Tele-CETA သင်တန်းကို AAPP ၏ ဆူပါဗိုက်ဆာများနှင့် ကောင်ဆယ်များကို ပို့ချ

စက်တင်ဘာလအတွင်းတွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏ စိတ်ခံစား ပြန်လည်မြှင့်တင်ရေးအစီအစဉ် (MHAP) မှ သင်တန်းနည်းပြ ကိုထင်အောင်သည် Tele-CETA သင်တန်းကို AAPP ၏ ဆူပါဗိုက်ဆာများ နှင့် ကောင်ဆယ်လာများကို အွန်လိုင်းမှ တစ်ဆင့် ပို့ချခဲ့သည်။ ကိုဗစ် ၁၉ ကူးစက်မှုကဲ့သို့ လူချင်းတွေ့ဆုံရန် အခက်အခဲဖြစ်နေသော အခြေအနေနှင့် လူချင်းတွေ့ဆုံရန် ခက်ခဲသော ရပ်ဝေးမှ ကလိုင်းယန့်များကို စီတာကုထုံး အပြည့်အဝပေးနိုင်မည်ဖြစ်သည်။ ■



Tele-CETA သင်တန်းကို AAPP ၏ ဆူပါဗိုက်ဆာများ နှင့် ကောင်ဆယ်လာများကို ပို့ချ

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို "Stress management and Self-care သင်တန်း"ကို အွန်လိုင်းမှတဆင့် ပို့ချခြင်း

စက်တင်ဘာလ ၇ ရက်နေ့မှ စက်တင်ဘာလ ၁၁ ရက်နေ့ထိ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏ စိတ်ခံစား ပြန်လည်မြှင့်တင်ရေးအစီအစဉ် (MHAP)မှ သင်တန်းနည်းပြ ကိုထင်အောင်သည် Rainbow Alliance၊ ဧရာဝတီလူငယ်ကွန်ရက်နှင့် ပအိုဝ်းအမျိုးသမီးသမဂ္ဂ (PWU) တို့မှ လူ့အခွင့်အရေးကာကွယ်စောင့်သူများကို "Stress management and Self-care သင်တန်း"ကို အွန်လိုင်းမှတစ်ဆင့် ပို့ချပေးခဲ့သည်။ အဆိုပါ သင်တန်းကို သင်တန်းသူ/သား ၁၁ ဦး တက်ရောက်ခဲ့သည်။

ထို့ပြင် စက်တင်ဘာလ ၂၁ ရက်နေ့မှ စက်တင်ဘာလ ၂၅ ရက်နေ့ထိ သင်တန်းနည်းပြ ကိုထင်အောင်သည် Rainbow Alliance၊ အခြေခံပညာအလုပ်သမားများသမဂ္ဂ(BEWU) တို့မှ လူ့အခွင့်အရေးကာကွယ်စောင့်သူများကို "Stress management and Self-care သင်တန်း"ကို အွန်လိုင်းမှတစ်ဆင့် ပို့ချပေးခဲ့သည်။ အဆိုပါ သင်တန်းကို သင်တန်းသူ/သား ၁၈ ဦး တက်ရောက်ခဲ့သည်။




လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို "Stress management and Self-care သင်တန်း" ကို ပို့ချ

သင်တန်းတက်ရောက်သူများသည် စိတ်ကျန်းမာရေးနှင့် ပတ်သက်၍ ဗဟုသုတနှင့် ကျွမ်းကျင်မှုများ ရရှိခဲ့ပြီး ၎င်းတို့၏ အလုပ်အကိုင်များနှင့် လုပ်ငန်းခွင်၌ နေ့စဉ်စိတ်ဖိစီးမှုများကို မည်ကဲ့သို့ ထိန်းညှိရမည်ကို သိရှိလာကြသည်။ ■

## “ကိုဗစ်-၁၉ ကာလ၌ စိတ်ဖိစီးမှုများကို ထိန်းညှိခြင်းနှင့် မိမိကိုယ်ကိုဂရုစိုက်ခြင်းနှင့် ပတ်သက်သည့် ဗွီဒီယိုများနှင့် ဆောင်းပါးကို” ထုတ်လွှင့်ခြင်း

စက်တင်ဘာလအတွင်းတွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၏ စိတ်ခံစားပြန်လည်မြှင့်တင်ရေး အစီအစဉ် (AAPP-MHAP) မှ သင်တန်းနည်းပြ ကိုထင်အောင်သည် "ကိုဗစ်-၁၉ ကာလ၌ စိတ်ဖိစီးမှုများကို ထိန်းညှိခြင်းနှင့် မိမိကိုယ်ကို ဂရုစိုက်ခြင်းနှင့်ပတ်သက်သည့် ဗွီဒီယိုများနှင့် ဆောင်းပါး” ကို အွန်လိုင်းမှ တစ်ဆင့် ထုတ်လွှင့်ခဲ့သည်။ အောက်ဖော်ပြပါ လင့်မှတစ်ဆင့်လည်း ဝင်ရောက်ကြည့်ရှု နိုင်သည်။

https://www.facebook.com/watch/?v=623308218557729

---

**အင်တာဗျူး**

## ငြိမ်း၊စု၊စီဥပဒေပုဒ်မ ၁၈ နှင့်ပတ်သက်၍ AAPP အတွင်းရေးမှူး ဦးတိတ်နိုင်မှ အင်တာဗျူးဖြေကြားခြင်း

စက်တင်ဘာလ ၇ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ အတွင်းရေးမှူး ဦးတိတ်နိုင်သည် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် (ငြိမ်း၊စု၊စီ) ဥပဒေ ပုဒ်မ ၁၈ နှင့် ပတ်သက်၍ 7 Days News သတင်းဌာနမှ ပြုလုပ်သော အင်တာဗျူးကို ဖြေကြားခဲ့သည်။ ထိုအင်တာဗျူးတွင် ဦးတိတ်နိုင်မှ “ယခုကဲ့သို့ ဖမ်းဆီးခြင်းများသည် ဥပဒေများ၏ အားနည်းချက်များကြောင့် ဖြစ်သည်၊ ဥပဒေကို လိုသလို အသုံးပြုနေသည်ကို တွေ့ရှိရသည်၊ ထို့ကြောင့် ငြိမ်း၊စု၊စီ ဥပဒေနှင့် ပတ်သက်၍ ပြန်လည်စိစစ်ပြင်ဆင်ပေးရန် ၎င်းတို့အနေဖြင့် တောင်းဆိုကြောင်း” ပြောကြားခဲ့သည်။

အောက်ဖော်ပြပါ လင့်ကို ဝင်ရောက်၍လည်း ကြည့်ရှုနိုင်သည်။

https://၇day.news/detail?id=၁၉၈၂၉၀

## ကျောင်းသားများကို ဖမ်းဆီးမှုများနှင့်ပတ်သက်၍ AAPP အတွင်းရေးမှူး ဦးတိတ်နိုင်မှ အင်တာဗျူးဖြေကြားခြင်း

စက်တင်ဘာလ ၁၆ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ အတွင်းရေးမှူး ဦးတိတ်နိုင်သည် ကျောင်းသားများကို ဖမ်းဆီးမှုများ နှင့်ပတ်သက်၍ Development Media Group မှ ပြုလုပ်သော အင်တာဗျူးကို ဖြေကြားခဲ့သည်။

## ကိုဗစ်-၁၉ ကပ်ရောဂါကာလ အကျဉ်းထောင်များအခြေအနေနှင့် ပတ်သက်၍ AAPP အတွင်းရေးမှူး ဦးတိတ်နိုင်မှ အင်တာဗျူး ဖြေကြားခြင်း

စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ အတွင်းရေးမှူး ဦးတိတ်နိုင်သည် ကိုဗစ်-၁၉ နှင့် အကျဉ်းထောင်များ အခြေအနေနှင့် ပတ်သက်၍ Mandalay In-depth News မှ ပြုလုပ်သော အင်တာဗျူးကို ဖြေကြားခဲ့သည်။ ထိုအင်တာဗျူးတွင် ဦးတိတ်နိုင်မှ "အကျဉ်းထောင်များသည် ဝင်ဆံ့နိုင်သည့် ဦးရေထက် သုံးဆခန့် များနေပြီး ပြည့်ကြပ်လျက်ရှိသည်၊ ယခုအချိန်တွင် ရုံးထုတ်များလည်း မရှိတော့ပါ၊ ထောင်အဝင်သာ လက်ခံနေရသည်၊ ထိုအခြေအနေများသည် စိုးရိမ်ဖွယ်ရာဖြစ်သည်၊ ၎င်းပြင် ထောင်ဝင်စာတွေ့ခွင့် ကန့်သတ်ပိတ်ပင်လိုက်ခြင်းကြောင့် အကျဉ်းသားများသည် မိသားစုနှင့်တွေ့ဆုံခွင့် မရတော့ဘဲ အဆက်အသွယ် ပြတ်သွားပြီး ယင်းအခြေအနေသည်လည်း စိုးရိမ်ဖွယ် ဖြစ်သည်ဟု ပြောကြားခဲ့သည်။

အောက်ဖော်ပြပါ လင့်ကို ဝင်ရောက်၍လည်း ဖတ်ရှုနိုင်ပါသည်။

https://www.facebook.com/mandalayindepthnews/photos/a.၅၂၈၁၈၃၅၂၁၀၃၈၄၄၁/၉၃၅၁၂၄၆၂၃၆၇၇၆၆၀/

## အကျဉ်းထောင်များရှိ ကိုဗစ်-၁၉ အန္တရာယ်နှင့်ပတ်သက်၍ AAPP အတွင်းရေးမှူး ဦးတိတ်နိုင်မှ အင်တာဗျူး ဖြေကြားခြင်း

စက်တင်ဘာလ ၂၉ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ အတွင်းရေးမှူး ဦးတိတ်နိုင်သည် အကျဉ်းထောင်များရှိ ကိုဗစ်-၁၉ အန္တရာယ်နှင့် ပတ်သက်၍ MCN TV news မှ ပြုလုပ်သော အင်တာဗျူးကို ဖြေကြားခဲ့သည်။ အဆိုပါအင်တာဗျူးတွင် ဦးတိတ်နိုင်မှ "မြန်မာနိုင်ငံရှိ အကျဉ်းထောင်များအတွင်း၌ အကျဉ်းသားဦးရေသည် သိန်းနှင့်ချီ၍ ရှိနေသည်၊ ရဲစခန်း၊ အချုပ်စခန်းနှင့် ရဲဘက်စခန်းများကိုပါ ထည့်သွင်းလိုက်လျှင် လက်ရှိ ပမာဏထက် နှစ်ဆခန့်ဖြစ်သွားနိုင်သည်၊ ထိုအခြေအနေမျိုးတွင် တစ်ဦးတစ်ယောက် ကူးစက်လိုက်ပါက မည်သို့မျှ ထိန်းသိမ်း၍မရနိုင်သည့် အနေအထားဖြစ်သည်၊ ထိုအခြင်းအရာများကို မကွယ်မဝှက်ဘဲ ပွင့်လင်းစွာရှိရန်လိုအပ်သည်၊ ဥပမာ




အကျဉ်းထောင်များရှိ ကိုဗစ်-၁၉ အန္တရာယ်နှင့်ပတ်သက်၍ AAPP အတွင်းရေးမှူး ဦးတိတ်နိုင်မှ အင်တာဗျူးဖြေကြား

နောက်ကျောသို့

ASSISTANCE ASSOCIATION FOR POLITICAL PRISONERS (AAPP)

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း

aappb.org




Assistance Association for Political Prisoners (AAPP)
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
No.(75), 33 Extension Ward, Oakthaphayar Street, Dagon Myothit (North), Yangon, Myanmar
E-mail: info@aappb.org Website: www.aappb.org

ကိုဗစ်-၁၉ သတင်းလွှာ

မြန်မာနိုင်ငံအတွင်း၌ ကိုဗစ်-၁၉အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါကာလအတွင်း အဆိုပါကိစ္စရပ်နှင့်ဆက်နွယ်၍ဖြစ်ပွားခဲ့သော အမှုဖြစ်စဉ်များကို နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ စောင့်ကြည့်မှတ်တမ်းတင်ခဲ့သည်။ ထိုမှတ်တမ်းများအရ ဩဂုတ်လအတွင်းတွင် လူဦးရေစုစုပေါင်း (၇၅) ဦးသည် တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

စက်တင်ဘာလအတွင်းတွင် ကွာရန်တင်းစင်တာများ၌နေထိုင်စဉ် သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာခြင်း မရှိခြင်းနှင့် သတ်မှတ်ထားသောအမိန့်များကို ချိုးဖောက်ခြင်းအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၂၅၊ ၂၆၊ ၂၉၊ ၃၀ (က)ဖြင့် တရားစွဲဆိုခံရသူ (၃၀၉) ဦးရှိပြီး သဘာဝဘေးအန္တရာယ်ဆိုင် ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၂၆၊ ၂၉ ဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ (၁) ဦး ရှိသည်။ ထို့ပြင် ကိုဗစ်ကာလအတွင်း ညမထွက်ရအမိန့် ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် တရားစွဲဆိုခံရသူ စုစုပေါင်း (၁၀၀၆) ဦးရှိပြီး၊ ညမထွက်ရအမိန့် ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် ပြစ်ဒဏ် ချမှတ်ခြင်းခံရသူ စုစုပေါင်း (၁၀၄) ဦးရှိသည်။ နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းမရှိသောကြောင့် ကူးစက်ကာကွယ်နှိမ်နင်း ရေး ဥပဒေပုဒ်မ (၁၅) ဖြင့် တရားစွဲဆိုခံရသူ စုစုပေါင်း (၃၅၀) ဦး၊ နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းမရှိသောကြောင့် အပြစ်ပေး အရေးယူခြင်း ခံထားရသူ (၁၂၀) ဦး ရှိသည်။ ရာဇသတ်ကြီးပုဒ်မ ၃၃၂/၂၉၄/၁၁၄ ဖြင့် တရားစွဲဆိုခြင်းခံရသူ (၄) ဦး၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၉ ဖြင့် တရားစွဲဆိုခြင်းခံရသူ (၁) ဦး နှင့် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁) ဖြင့် တရားစွဲဆိုခြင်းခံရသူ (၇) ဦး ရှိသည်။

## ကိုဗစ်အန္တရယ်အင်တာဗျူးမှ

အားဖြင့် တာမွေနှင့် ဗိုလ်တထောင်မြို့နယ် ရဲစခန်းများမှ ရဲအရာရှိနှစ်ယောက်၊ သုံးယောက်ခန့်သည် ကိုဗစ်-၁၉ ကူးစက်ခဲ့သည်၊ ထိုကဲ့သို့ ကူးစက်ခဲ့လျှင် အချုပ်ခန်းအတွင်းမှ အချုပ်သားများအတွက် စိုးရိမ်ဖွယ်ရာရှိသည်၊ ထိုအချုပ်သားများ အကျဉ်းထောင်အတွင်းသို့ ရောက်ရှိသွားလျှင် အကျဉ်းထောင်များအတွက် စိုးရိမ်ဖွယ်ရာရှိသည်၊ ထိုအချုပ်သားများ ထောင်ကျသွားလျှင် ထောင်ကျဆောင်များတွင် စိုးရိမ်ဖွယ်ရာရှိသည်၊ ထို့အပြင် ကူးစက်နှုန်းများသည် အကျဉ်းထောင်နှင့်ပတ်သက်လာလျှင် သေသေချာချာ သိရှိရခြင်းမရှိသည့်အတွက် မည်မျှကူးစက်နှုန်း ဖြစ်နေသည်၊ မည်မျှစိုးရိမ်စရာရှိနေသည်ဆိုသည်ကို သိရှိရခြင်း မရှိပါ၊ သို့သော်လည်း ဖြစ်ပွားမည်ဆိုလျှင် မည်သို့မျှတားဆီး၍မရသည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ရမည်ဖြစ်သည်၊ ထို့ကြောင့် ထိုအခြင်းအရာများနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်ရမည့် ကိစ္စများကို ပြင်းပြင်းထန်ထန်နှင့် ဂရုတစိုက်လုပ်ဆောင်သင့်ကြောင်းကို အစဉ်တစိုက် တိုက်တွန်းလျက်ရှိသည်” ဟု ပြောကြားခဲ့သည်။

အောက်ဖော်ပြပါ လင့်ကို ဝင်ရောက်၍လည်း ကြည့်ရှုနိုင်သည်။

https://www.facebook.com/mcntv/videos/၃၄၂၉၈၇၉၂၆၈၁၇၇၄၄/

နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း

ဆက်သွယ်မေးမြန်းရန်

တိတ်နိုင် (အတွင်းရေးမှူး)
+၉၅(၀) ၉၄၂ ၈၀၂ ၃၈၂၈
ဘိုကြည် (တွဲဘက်အတွင်းရေးမှူး)
+၉၅(၀) ၉၄၂ ၅၃၀ ၈၈၄၀
အောင်မျိုးကျော်
(ရန်ကုန်ရုံးတာဝန်ခံ)
+၉၅(၀) ၉၄၂ ၈၁၁ ၇၃၄၈